## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေး
# ဥပဒေ

ရက်စွဲ။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၉ )ရက်

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| - | နိဒါန်း | | ၁ |
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၃ |
| ၃။ | အခန်း(၃) | ကော်မတီဖွဲ့စည်းခြင်း | ၆ |
| ၄။ | အခန်း(၄) | ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၇ |
| ၅။ | အခန်း(၅) | ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း(၆) | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့်ငြင်းပယ်ခြင်း | ၁၁ |
| ၇။ | အခန်း(၇) | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၂ |
| ၈။ | အခန်း(၈) | တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအတွက်မှတ်ပုံတင် လက်မှတ်ရရှိသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ |
| ၉။ | အခန်း(၉) | တိရစ္ဆာန်မွေးမြူရေး | ၁၆ |
| ၁၀။ | အခန်း(၁၀) | တိရစ္ဆာန်ထိန်းကျောင်းရေး | ၁၇ |
| ၁၁။ | အခန်း(၁၁) | တိရစ္ဆာန်အစာအစာများကိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း | ၁၉ |
| ၁၂။ | အခန်း(၁၂) | ကူးစက်ရောဂါကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း | ၂၀ |
| ၁၃။ | အခန်း(၁၃) | တိရစ္ဆာန်ကိုနှိပ်စက်ညှင်းပန်းခြင်းမှကာကွယ်ခြင်း | ၂၁ |
| ၁၄။ | အခန်း(၁၄) | စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၂၂ |
| ၁၅။ | အခန်း(၁၅) | အယူခံခြင်း | ၂၂ |
| ၁၆။ | အခန်း(၁၆) | တားမြစ်ချက်များ | ၂၃ |
| ၁၇။ | အခန်း(၁၇) | ပြစ်ဒဏ်များ | ၂၄ |
| ၁၈။ | အခန်း(၁၈) | အထွေထွေ | ၂၅ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်
# ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ

( ၂၀၁၅ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် - ၃ )

( ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက် )

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )

### နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းနိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရခိုင်ပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျ ထိန်းကျောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ပြည်နယ် ဆိုသည်မှာ ရခိုင်ပြည်နယ်ကိုဆိုသည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့ ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်၊

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ တိရစ္ဆာန်မွေးမြူရေးနှင့်ထိန်းကျောင်းရေးလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းသောကော်မတီကို ဆိုသည်၊

(စ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ကော်မတီမှ ချမှတ်သည့်နည်းလမ်းများနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် ထိန်းကျောင်းရေးလုပ်ငန်းများကို ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းသော အဖွဲ့ကိုဆိုသည်၊

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကိုဆိုသည်၊

(ဇ) **ဦးစီးဌာနမှူး** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဦးစီးဌာနမှူးများကို ဆိုသည်၊

(ဈ) **တိရစ္ဆာန်** ဆိုသည်မှာ လူတို့မွေးမြူထားသော သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုရန် လူတို့ဖမ်းဆီးထားသော တိရစ္ဆာန်ကိုဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းလည်းပါဝင်သည်။ ၎င်းအပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မွေးမြူရေးတိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်းပါဝင်သည်၊

(ည) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်မှထွက်ရှိသော နို့၊ ဥ သို့မဟုတ် တိရစ္ဆာန်၏ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့် ပျားအုံမှ ရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်၊





(ဋ) **တိရစ္ဆာန်မွေးမြူရေး** ဆိုသည်မှာ လူတို့စားသုံးရန်၊ ခိုင်းစေရန်၊ မွေးမြူရေးထုတ်ကုန်များထုတ်လုပ်ရန်၊ မျိုးပွားရန်၊ မျိုးဖြန့်ဖြူးရန်၊ တိရစ္ဆာန်ကို တစ်နည်းနည်းအသုံးပြုရန် စီးပွားဖြစ်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းကို ဆိုသည်၊

(ဌ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ မွေးမြူရေးထုတ်ကုန်အဖြစ် ရောင်းချရန်အလို့ငှာ တိရစ္ဆာန်မွေးမြူသည့်လုပ်ငန်းကိုဆိုသည်။ ထိုစကားရပ်တွင် မျိုးပွားရန်နှင့်မျိုးဖြန့်ဖြူးရောင်းချရန်တို့လည်းပါဝင်သည်၊

(ဍ) **တစ်နိုင်တစ်ပိုင်မွေးမြူခြင်း** ဆိုသည်မှာ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းမဟုတ်သော၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းမဟုတ်သော တစ်နိုင်တစ်ပိုင် မွေးမြူခြင်းကို ဆိုသည်၊

(ဎ) **အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း** ဆိုသည်မှာ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းမဟုတ်သော၊ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမဟုတ်သော၊ ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းကို ဆိုသည်၊

(ဏ) **ထိန်းကျောင်းခြင်း** ဆိုသည်မှာ စီးပွားဖြစ်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ၊ တစ်နိုင်တစ်ပိုင်ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းဖြစ်စေ၊ တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ထိန်းကျောင်းခြင်းကို ဆိုသည်၊

(တ) **စားကျက်မြေ** ဆိုသည်မှာ တိရစ္ဆာန်များစားသုံးရန် အလို့ငှာ လွတ်ကျောင်း၍ ရနိုင်သော သက်ဆိုင်ရာမှ ဥပဒေအရ သတ်မှတ်ထားသည့် မြေကိုဆိုသည်၊

(ထ) **တိရစ္ဆာန်အစားအစာ** ဆိုသည်မှာ တိရစ္ဆာန်အားကျွေးမွေးရန် သိပ္ပံနည်းကျဖော်စပ်၍ဖြစ်စေ၊ သမရိုးကျရောစပ်၍ဖြစ်စေ၊ ယင်းသို့ ဖော်စပ်ခြင်း၊ ရောစပ်ခြင်းမပြုဘဲဖြစ်စေ စီးပွားရေး အလို့ငှာ ထုတ်လုပ်ရောင်းချသည့် အစားအစာကို ဆိုသည်၊

(ဒ) **ကူးစက်ရောဂါ** ဆိုသည်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကူးစက်ရောဂါ ဖြစ်သည်ဟု ကြေညာထားသော တိရစ္ဆာန်များတွင် ဖြစ်ပွား တတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်၊

(ဓ) **ပိုင်ရှင်** ဆိုသည်မှာ တိရစ္ဆာန်များကို ပိုင်ဆိုင်သူ သို့မဟုတ် ယင်းတိရစ္ဆာန်များနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသူကို ဆိုသည်၊

(န) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသောလိုင်စင် များကို ဆိုသည်၊

(ပ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ တစ်နိုင်တစ်ပိုင် မွေးမြူ ခြင်းနှင့် ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းတို့ အတွက် ဤဥပဒေအရထုတ်ပေးသော မှတ်ပုံတင်လက်မှတ် ကို ဆိုသည်၊

(ဖ) **ပုံစံ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ပုံစံများကို ဆိုသည်။





## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရန်၊

(ခ) တိရစ္ဆာန်ထိန်းကျောင်းရေးလုပ်ငန်းများ စနစ်တကျဆောင် ရွက်နိုင်ရန်၊

(ဂ) တိရစ္ဆာန်မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားလာပါက စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(င) တိရစ္ဆာန်မှလူသို့လည်းကောင်း၊ လူမှတိရစ္ဆာန်သို့လည်း ကောင်း၊ ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ် စေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဖြစ်ပွားလာ သည့်အခါ စနစ်တကျထိန်းချုပ်နိုင်ရန်၊

(စ) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဆ) ဒေသဆိုင်ရာတိရစ္ဆာန်မျိုးရင်းများ ထိန်းသိမ်းစောင့်ရှောက် မှုကို အားပေးရန်၊

(ဇ) စိုက်ပျိုးသီးနှံများ ဖျက်ဆီးခြင်းမှ ကာကွယ်ရန်၊

(ဈ) တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ အကာအကွယ် ပေးရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန<br>ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |





၅။ ပြည်နယ်အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော **ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။**

## အခန်း(၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်မွေးမြူလိုသူများအား နည်းပညာများဖြန့်ဖြူးပေးခြင်း၊ တိုးတက်အောင်မြင်အောင်အားပေးကူညီခြင်း၊

(ခ) ရာသီဥတု၊ ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီသော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း၊ သုတေသနပြုခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူရေးထုတ်ကုန်ထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် စနစ်တကျမွေးမြူမှုစနစ်များ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း နည်းလမ်းများ သတ်မှတ်ခြင်း၊

(ဃ) စီးပွားရေးအလို့ငှာ မျိုးပွားရန်နှင့် မျိုးဖြန့်ဖြူးရန်အတွက် မွေးမြူထားသောတိရစ္ဆာန်များ၏ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးမှတ်တမ်းများ၊ မျိုးရိုးဗီဇမှတ်တမ်းများကို လိုအပ်သလိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်းထားရှိစေခြင်း၊

(င) တိရစ္ဆာန်အမျိုးအစားအလိုက် စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းအား ကောင်ရေသတ်မှတ်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(စ) အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအား လိုအပ်သလိုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစုအဖွဲ့များဖွဲ့စည်းခြင်းနှင့် အစုအဖွဲ့စည်းမျဉ်းစည်းကမ်းများရေးဆွဲနိုင်ရန် အားပေးကူညီခြင်း၊

(ဇ) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင်ခ၊ စစ်ဆေးခနှင့် ဒဏ်ကြေးငွေများသတ်မှတ်ပေးခြင်း၊

(ဈ) တိရစ္ဆာန်မွေးမြူရေးဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်း၊

(ည) သဘာဝပေါက်ပင်နှင့် သီးနှံများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေးအတွက် သုတေသနပြုခြင်း၊

(ဋ) တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေး၊ အများပြည်သူကျန်းမာရေးအတွက် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများကို စစ်ဆေးခြင်းနှင့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဌ) တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မွေးမြူရေးခြံများအား စစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ ဝန်ဆောင်မှုများအတွက် အခကြေးငွေသတ်မှတ်ခြင်း၊

(ဍ) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။





## အခန်း(၅)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကော်မတီသည် လိုအပ်သည့်မြို့နယ်များ၌ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်။ လိုအပ်လျှင်ပြင်ဆင်ဖွဲ့စည်းနိုင်သည်-

| | | |
|---|---|---|
| (က) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုရဲအုပ်<br>မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဆ) | မွေးမြူရေးလုပ်ငန်းကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (ဇ) | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး<br>မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |

၈။ ကြီးကြပ်ရေးအဖွဲ့တွင်ပါဝင်သည့် မွေးမြူရေးလုပ်ငန်းကိုယ်စားလှယ်များအတွက် စရိတ်ချီးမြှင့်ငွေကို ပြည်နယ်အစိုးရမှ သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၉။ ကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ (၃)နှစ်အထိဖြစ်သည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်မွေးမြူရေးနှင့်စပ်လျဉ်း၍ ကော်မတီက သတ်မှတ်ထားသောနည်းလမ်းများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနည်းလမ်းများနှင့် ညီမညီစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) မွေးမြူထားသောတိရစ္ဆာန်များ၏ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးမှတ်တမ်းများ၊ မျိုးရိုးဗီဇမှတ်တမ်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ထားသောမွေးမြူရေးနေရာ၊ အကျယ်အဝန်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေရရှိမှု၊ ကောင်ရေကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ကော်မတီကသတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ လိုင်စင်ရရှိသူအား လုပ်ငန်းများဆောင်ရွက်ခြင်းရှိမရှိ ကြီးကြပ်ခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့ တင်ပြခြင်း၊

(င) တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကော်မတီအား အကူအညီများပေးခြင်း၊

(စ) စားကျက်မြေများထိန်းသိမ်းစောင့်ရှောက်ခြင်းကို ကူညီဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီကပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။





## အခန်း(၆)

## တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၁၁။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ကို မြို့နယ်ဦးစီးဌာနမှူးထံ သတ်မှတ်ပုံစံဖြင့်လျှောက်ထားရမည်။

၁၂။ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးသည် လျှောက်ထားချက်ကို ကွင်းဆင်းစိစစ်ပြီး ခွင့်ပြုနိုင်ရန်အတွက် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၁၃။ ကော်မတီသည် မွေးမြူရေးထုတ်ကုန်အဖြစ်ထုတ်လုပ်ရောင်းချရန် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလိုင်စင်ကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်ညီညွတ်လျှင် လိုင်စင်ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးသို့ လွှဲအပ်နိုင်သည်။

၁၄။ ကော်မတီသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၅။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခ၊ စစ်ဆေးခတို့ကို ကော်မတီကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၁၆။ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းတို့အတွက် မွေးမြူလိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြု

နိုင်ရန်အတွက် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၁၇။ ကော်မတီသည် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရအိမ်မွေး တိရစ္ဆာန်မွေးမြူခြင်းအတွက် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို စည်းမျဉ်း၊ စည်းကမ်းများနှင့်ညီညွတ်ပါက မြို့နယ်ဦးစီးဌာနမှူးသို့ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို လွှဲအပ်နိုင်သည်။

၁၈။ ကော်မတီသည် မှတ်ပုံတင်လက်မှတ်ကို စည်းကမ်းချက်နှင့်ညီညွတ်လျှင် ခွင့်ပြုနိုင်သည်။ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိလျှင် ငြင်းပယ်ရမည်။ ငြင်းပယ်လျှင် အကျိုးအကြောင်းဖော်ပြချက်ဖြင့် လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

## အခန်း(၇)

## တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ကော်မတီက သတ်မှတ်သည့်စည်းကမ်းများနှင့်အညီ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း မှတ်တမ်းထားရှိရမည်။ ကြီးကြပ်ရေးအဖွဲ့နှင့် ဦးစီးဌာနတို့၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်၊

(ခ) မေထုန်မဲ့သားစပ်ခြင်းနှင့် သန္ဓေသားလောင်းထည့်သွင်းသားဖောက်ခြင်းနည်းစနစ်များဖြင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်လိုပါက ဦးစီးဌာနမှထုတ်ပေးသော ကျွမ်းကျင်မှု လက်မှတ်ရရှိသူဖြင့်သာ ဆောင်ရွက်ရမည်၊

(ဂ) တိရစ္ဆာန်များကို ရောင်းချသည့်အခါ ယင်းတိရစ္ဆာန်၏ မျိုးရိုးစဉ်ဆက်ပြမှတ်တမ်းနှင့် ရောဂါကင်းရှင်းမှု ထောက်ခံချက်လက်မှတ်ပါရှိရမည်၊





(ဃ) အမမျိုးဥ၊ အအေးခံသားမျိုးရည်၊ သန္ဓေသားလောင်းနှင့် အခြားတိရစ္ဆာန်မျိုးရိုးဗီဇပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်လိုပါက ယင်းတို့ကို စုဆောင်းခြင်း၊ မျိုးပွားခြင်း၊ ရောင်းချခြင်းဆိုင်ရာမှတ်တမ်းများ ထိန်းသိမ်းထားရှိရမည်၊

(င) တိရစ္ဆာန်မျိုးပွားရေး၊ ရှင်သန်ကြီးထွားရေးအတွက် သင့်လျော်သည့် ပတ်ဝန်းကျင် စီစဉ်ထားရှိရမည်၊

(စ) တိရစ္ဆာန်များအား ၎င်းတို့၏အမျိုးအစားအလိုက် ရှင်သန်ကြီးထွားနိုင်သည့် အပူချိန်နှင့် လုံလောက်သောအလင်းရောင် ကောင်းစွာရရှိရေးကိုဆောင်ရွက်ထားရှိရမည်၊

(ဆ) အမှိုက်၊ အညစ်အကြေး စွန့်ပစ်နေရာတွင် တိရစ္ဆာန်မွေးမြူခြင်းမပြုရ။ တိရစ္ဆာန်များအား အညစ်အကြေးများ၊ အမှိုက်များကိုကျွေးမွေးခြင်းမပြုရ၊

(ဇ) စံချိန်စံညွှန်းနှင့်မညီသည့် အစာ သို့မဟုတ် ဖြည့်စွက်စာ၊ တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများကို ထည့်သွင်းဖော်စပ်ကျွေးမွေးခြင်းမပြုရ၊

(ဈ) ကော်မတီက သတ်မှတ်သည့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာဇီဝလုံခြုံရေး (Bio Security)လုပ်ငန်းညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်၊

(ည) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့ရမည်၊

(ဋ) တိရစ္ဆာန်အညစ်အကြေးများနှင့် အသုံးမပြုသော တိရစ္ဆာန်ထွက်ပစ္စည်းများကို ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျ စီမံဆောင်ရွက်ရမည်၊

(ဌ) သတ်မှတ်သည့် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ တို့ကို ပေးဆောင်ရမည်၊

(ဍ) လိုင်စင်ပါစည်းကမ်းချက်များနှင့် ကော်မတီက သတ်မှတ်သော စည်းကမ်းများကို လိုက်နာရမည်။

၂၀။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါနေရာဒေသများတွင် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ-

(က) သောက်သုံးရေအတွက် ကာကွယ်ထိန်းသိမ်းထားသည့် နေရာများ၊

(ခ) သမိုင်းဝင်နေရာ၊ ရှုခင်းသာနေရာနှင့် အပန်းဖြေနေရာများ၊

(ဂ) မြို့ပြလူနေရပ်ကွက်များ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံပညာသုတေသနဆိုင်ရာနေရာများနှင့် လူနေထူထပ်သည့်နေရာများ၊

(ဃ) အမိန့်ကြော်ငြာစာဖြင့် တားမြစ်သည့်နယ်မြေများ။

၂၁။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) တိရစ္ဆာန်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းပြုနိုင်သည်။ သယ်ယူရွှေ့ပြောင်းခြင်းကို ကော်မတီကသတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) တိရစ္ဆာန်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်၊

(ဂ) မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ်ချေးငွေ၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ မွေးမြူရေးနည်း





ပညာနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအကူအညီ ရရှိရန် ကော်မတီသို့ တောင်းခံနိုင်သည်၊

(ဃ) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ မွေးမြူရေးဆိုင်ရာဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများကို ပြည်ပမှတင်သွင်းခြင်းအတွက် ကော်မတီထံ အကူအညီတောင်းခံနိုင်သည်။

## အခန်း(၈)

## တစ်နိုင်ငံတစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းအတွက် မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) မိမိမွေးမြူထားသောတိရစ္ဆာန်များတွင် လိုအပ်သော ရောဂါကာကွယ်ဆေးများ ထိုးပြီးကြောင်း မြို့နယ်ဦးစီးဌာန၏ ထောက်ခံချက်လက်မှတ်ရယူထားရမည်၊

(ခ) ဤဥပဒေအရသော်လည်းကောင်း၊ အခြားတိရစ္ဆာန်များနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများအရသော်လည်းကောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ထားသော ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ တိရစ္ဆာန်ထိန်းကျောင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့နှင့်သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ၏ အညစ်အကြေးစွန့်ပစ်မှုအတွက် မိမိအိမ်ခြံဝန်းအတွင်း စနစ်တကျဆောင်ရွက်ပြီး ဘေးပတ်ဝန်းကျင်အများပြည်သူများကို အနှောင့်အယှက်မဖြစ်စေရန် ဆောင်ရွက်ရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) မှတ်ပုံတင်ခ၊ စစ်ဆေးခတို့ကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ မြို့နယ်ဦးစီးဌာနသို့ ပေးသွင်းရမည်၊

(ခ) သင့်လျော်သည့်ပတ်ဝန်းကျင် စီစဉ်ထားရမည်၊

(ဂ) တိရစ္ဆာန်များနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများကို တည်ဆဲဥပဒေများနှင့်အညီ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ယူခြင်းပြုနိုင်သည်။

၂၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ မွေးမြူရေးနည်းပညာနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအကူအညီရရှိရန် ကော်မတီထံသို့ တောင်းခံနိုင်သည်၊

(ခ) တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူရာတွင် ကော်မတီမှ သတ်မှတ်ထားသည့်စည်းကမ်းများအတိုင်း လိုက်နာရမည့်အပြင် ကျန်းမာရေးအတွက် အစားအစာများကိုလည်း လုံလောက်ပြည့်ဝစွာကျွေးမွေးထိန်းကျောင်းရမည်။

## အခန်း(၉)

## တိရစ္ဆာန်မွေးမြူရေး

၂၅။ ကော်မတီသည် တိရစ္ဆာန်မွေးမြူရေး ပိုမိုထိရောက်အောင်မြင်စေရန် အောက်ပါအတိုင်း ကြီးကြပ်ဆောင်ရွက်ရမည် -

(က) ပြည်နယ်နှင့်ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များကို ခေတ်မီနည်းစနစ်များဖြင့် မွေးမြူနိုင်ရန်နည်းပညာများ ဖြန့်ဖြူးဆောင်ရွက်ခြင်း၊





(ခ) ပြည်နယ်အတွင်းရှိ သဘာဝပေါက်ပင်၊ သီးနှံများကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးချနိုင်ရန် သုတေသနပြုလုပ်ခြင်း၊

(ဂ) တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြည်ပမှတင်သွင်းမှုကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သော ရောဂါများကာကွယ်ထိန်းချုပ်ခြင်းနှင့် အများပြည်သူကျန်းမာရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို စစ်ဆေးခြင်းတို့ပါဝင်သော တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) ပျားမွေးမြူခြင်းဆိုင်ရာလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း၊

(စ) ပြည်ပမှတင်သွင်းသော တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိပါက တင်သွင်းမှုကိုရပ်ဆိုင်းပြီး ဆက်လက်သယ်ယူခြင်းမပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်းသို့မဟုတ် ဖျက်ဆီးခြင်းတို့ပြုနိုင်သည်။

## အခန်း(၁၀)

## တိရစ္ဆာန်ထိန်းကျောင်းရေး

၂၆။ ကော်မတီသည် တိရစ္ဆာန်ထိန်းကျောင်းရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူရေးထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားပမာဏအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနည်းလမ်းများနှင့် ထိန်းကျောင်းခြင်းနည်းလမ်း

များသတ်မှတ်ခြင်း၊ စစ်ဆေးစေခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ခ) ဝါသနာအရ အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်းအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနည်းလမ်းများနှင့် ရောဂါကာကွယ်ခြင်းဆိုင်ရာနည်းလမ်းများသတ်မှတ်ခြင်း၊ စစ်ဆေးစေခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစားအလိုက် တင်ဆောင်သယ်ယူနိုင်သည့် သို့မဟုတ် ဆွဲယူနိုင်သည့် အများဆုံးဝန်အလေးချိန်၊ အလုပ်ခိုင်းစေရန် အသက်အရွယ်၊ အချိန်ကာလနှင့် အလုပ်လုပ်ချိန် သတ်မှတ်ခြင်း၊

(ဃ) စီးပွားဖြစ်တိရစ္ဆာန်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူခြင်း၊ ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊ မျိုးပွားဖြန့်ဖြူးခြင်းတို့တွင် တိရစ္ဆာန်အမျိုးအစားအလိုက် ထိန်းသိမ်းစောင့်ရှောက်မှုနည်းလမ်းများ၊ ထိန်းကျောင်းမှုကန့်သတ်ချက်များထုတ်ပြန်ခြင်း၊ အများပြည်သူသိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(င) မူလရှိပြီး စားကျက်မြေများကို ထိန်းသိမ်းကာကွယ်ရန်နှင့် လိုအပ်သောဒေသများတွင် စားကျက်မြေအသစ် ဖော်ထုတ်သတ်မှတ်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တိရစ္ဆာန်များကို စားကျက်မြေတွင် ထိန်းကျောင်းစေခြင်း။





## အခန်း(၁၁)

## တိရစ္ဆာန်အစားအစာများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း

၂၇။ တိရစ္ဆာန်မွေးမြူရာတွင် စနစ်တကျကျွေးမွေးနိုင်ရေးအတွက် အစားအစာများကို ရောင်းချရာ၌ ကော်မတီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသော တိရစ္ဆာန်အစားအစာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) တိရစ္ဆာန်များကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် တိရစ္ဆာန်အစားအစာများရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါက ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ခြင်း။

၂၈။ ကော်မတီသည် တိရစ္ဆာန်အစားအစာရောင်းချသူများအား ၎င်းတို့ရောင်းချသည့် တိရစ္ဆာန်အစားအစာများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) ဦးစီးဌာန၏ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် မညီညွတ်သော အစားအစာများကို ရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ခြင်း၊

(ဂ) တိရစ္ဆာန်အစားအစာ ထုတ်လုပ်သူများစာရင်းနှင့် ရောင်းချသူများစာရင်းကို ကောက်ယူခြင်း။

၂၉။ ကော်မတီသည် တိရစ္ဆာန်အစားအစာ ရောင်းချလိုသူများအား သတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် ရောင်းချခွင့်လိုင်စင် ထုတ်ပေးရမည်။

## အခန်း(၁၂)

## ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း

၃၀။ ဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

၃၁။ ကော်မတီသည် -

(က) တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရမည်၊

(ခ) ကူးစက်ရောဂါဖြစ်ပွားသည့်ဒေသတွင် ရောဂါဖြစ်ပွားမှု ပပျောက်စေရန်နှင့် အခြားနေရာဒေသများသို့ ရောဂါကူးစက်ပျံ့နှံ့ခြင်း မရှိစေရန် စီစဉ်ဆောင်ရွက်ရမည်၊

(ဂ) ကူးစက်ရောဂါကင်းရှင်းဒေသကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကြေညာရမည်၊

(ဃ) ကူးစက်ရောဂါ ကာကွယ်ရေး သို့မဟုတ် ထိန်းချုပ်ရေး အတွက် လိုအပ်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်၊

(င) တိရစ္ဆာန်မွေးမြူခြင်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းထားခြင်းတို့ကို ပြုလုပ်ရမည်၊

(စ) ပျားမွေးမြူခြင်းနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းတို့ကို လိုအပ်သလို စီမံဆောင်ရွက်ရမည်။

၃၂။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သိရှိရလျှင်ဖြစ်စေ၊ သေဆုံးသောတိရစ္ဆာန်





တွင် ကူးစက်ရောဂါလက္ခဏာတွေ့ရှိရလျှင်ဖြစ်စေ ဦးစီးဌာနသို့ အမြန်သတင်းပို့တိုင်ကြားရမည်။

၃၃။ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးသည် မိမိကုသသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်အသိပေး အကြောင်းကြားရမည်။

## အခန်း(၁၃)

## တိရစ္ဆာန်ကို နှိပ်စက်ညှဉ်းပန်းခြင်းမှ ကာကွယ်ခြင်း

၃၄။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။ မိမိ၏ လုပ်ပိုင်ခွင့်များကို ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည် -

(က) လူတို့က တိရစ္ဆာန်ကို တမင်နှိပ်စက်ညှဉ်းပန်းခြင်း မပြုလုပ်ရန် ပညာပေးလုပ်ငန်းကို ဆောင်ရွက်ရမည်၊

(ခ) တိရစ္ဆာန်များကို သယ်ဆောင်ခြင်း၊ ချည်နှောင်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာသင့်သည့် နည်းလမ်းများကို အများပြည်သူတို့ သိရှိနိုင်ရန် ပညာပေးလုပ်ငန်းကို ဆောင်ရွက်ရမည်၊

(ဂ) နှိပ်စက်ညှဉ်းပန်းခံရသော တိရစ္ဆာန်များကို ဦးစီးဌာနက ဖွင့်လှစ်ထားသည့် တိရစ္ဆာန်ဆေးကုစခန်းတွင် ဆေးဝါးကုသပေးရန် စီမံဆောင်ရွက်ရမည်၊

(ဃ) တိရစ္ဆာန်ဆေးကုစခန်းတွင် တိရစ္ဆာန်များအားကုသပေးခြင်းနှင့် ကျွေးမွေးစောင့်ရှောက်ပေးခြင်းတို့အတွက် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူက ကျခံရမည့်စရိတ်ကြေးငွေများကို သတ်မှတ်ရမည်။

## အခန်း(၁၄)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၃၅။ ကော်မတီသည် ပုဒ်မ ၁၉ ၊ ပုဒ်မ ၂၀ ၊ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၂၂ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ရမည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း။

၃၆။ ကော်မတီသည် ပုဒ်မ ၁၉ ၊ ပုဒ်မ ၂၀ ၊ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၂၂ (က)၊ (ခ) နှင့် (ဂ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိလျှင် ထိုသူအား ပုဒ်မ ၃၅ ပုဒ်မခွဲ (ခ)အရ ချမှတ်ထားသောဒဏ်ကြေးငွေ၏ (၂)ဆကို ပေးဆောင်စေရန် ချမှတ်ရမည်။

၃၇။ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ အရ ချမှတ်သောဒဏ်ကြေးငွေကို ကော်မတီကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း(၁၅)

## အယူခံခြင်း

၃၈။ (က) ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ အရ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်





ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်၊

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၆)

## တားမြစ်ချက်များ

၃၉။ မည်သူမျှ လိုင်စင်မရှိဘဲ စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၀။ မည်သူမျှ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းမရှိဘဲ တစ်နိုင်တစ်ပိုင်မွေးမြူခြင်းနှင့် ဝါသနာအရ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း မပြုရ။

၄၁။ တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် လက်ဝယ်ရှိသူသည် တိရစ္ဆာန်မွေးမြူခြင်း၊ မွေးမြူရေးထုတ်ကုန်ထုတ်လုပ်ခြင်း၊ မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် မွေးမြူမှုနည်းလမ်းများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းနည်းလမ်းများ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနည်းလမ်းများ၊ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၂။ မည်သူမျှ တိရစ္ဆာန်နှင့်စပ်လျဉ်း၍ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ကျူးလွန်ခြင်း မပြုရ -

(က) ရက်စက်ကြမ်းကြုတ်စွာခိုင်းစေခြင်း သို့မဟုတ် သတ်မှတ်ထားသော အလေးချိန်ထက်ပို၍တင်ဆောင်ခြင်း၊ ဆွဲယူစေခြင်း၊

(ခ) နှိပ်စက်ညှဉ်းပန်းခြင်း၊

(ဂ) အစာရေစာမကျွေးဘဲထားခြင်း။

၄၃။ မည်သူမျှ တိရစ္ဆာန်နှင့်စပ်လျဉ်း၍ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ကျူးလွန်ခြင်း မပြုရ -

(က) လမ်းများ၊ စိုက်ခင်းများနှင့် အများပြည်သူဆိုင်ရာနေရာ

များတွင် စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း၊

(ခ) ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် ကုသစောင့်ရှောက်မှု မပြုဘဲထားခြင်း။

၄၄။ မည်သူမျှ တိရစ္ဆာန်နှင့်စပ်လျဉ်း၍ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ကျူးလွန်ခြင်း မပြုရ -

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကိုမလိုအပ်ဘဲချို့တဲ့စေခြင်း၊

(ခ) ကူးစက်ရောဂါစွဲကပ်နေပါလျက် သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် အများပြည်သူဆိုင်ရာနေရာသို့ လွှတ်ထားခြင်း။

**အခန်း(၁၇)**

**ပြစ်ဒဏ်များ**

၄၅။ မည်သူမဆို ပုဒ်မ ၄၁ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၉ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၇။ မည်သူမဆို ပုဒ်မ ၄၄ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား





ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၉။ တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သို့မဟုတ် ဖျက်ဆီးရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ သိမ်းဆည်းသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

၅၀။ တရားရုံးကလွှဲပြောင်းပေးသော ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဦးစီးဌာနက စီမံခန့်ခွဲရမည်။

**အခန်း(၁၈)**

**အထွေထွေ**

၅၁။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၂။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ၊ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။

၅၃။ ကော်မတီသည် အစိုးရဌာနတစ်ခုခုအား တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးအတွက် သုတေသနပြုသည့်ကိစ္စတွင် လိုင်စင်ခကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၄။ ကော်မတီသည် ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်

သည့် ဒဏ်ကြေးငွေ၊ ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် ဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၅၅။ ဤဥပဒေပါ ပြစ်မှုများကို တရားစွဲဆိုရန် ကိစ္စပေါ်ပေါက်လာပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်ရရှိပြီးမှသာ တရားစွဲဆိုရမည်။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၅၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြအောင်
ခေတ္တဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့





နောက်ဆက်တွဲပုံစံ(၁)

**တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်လျှောက်လွှာ**

**(ဥပဒေပုဒ်မ - ၁၁)**

သို့

အတွင်းရေးမှူး
ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်
စနစ်တကျ ထိန်းကျောင်းရေးကော်မတီ
စစ်တွေမြို့

ရက်စွဲ။ ....................

အကြောင်းအရာ။ **တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း**

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင် ထုတ်ပေးပါရန် လျှောက်ထားပါသည် -

၁။ လျှောက်ထားသူ
(က) အမည် ..............................
(ခ) အဘအမည် ..............................
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................
၃။ တိရစ္ဆာန်အမျိုးအစား ..............................
၄။ တိရစ္ဆာန်ကောင်ရေ ..............................
၅။ တိရစ္ဆာန်မွေးမြူမည့်နေရာ၊ ..............................
အဆောက်အဦ လိပ်စာ ..............................
မြို့ ..............................
(က) အဆောက်အဦအမျိုးအစား ..............................
(အမိုး၊ အကာ၊ အခင်း၊ ..............................
အကျယ်အဝန်း) ..............................
(ခ) မွေးမြူသည့်အဆောက်အဦ ..............................
အရေအတွက် ..............................
၆။ အမြဲတမ်းနေရပ်လိပ်စာ ..............................

လက်မှတ် ..............................
အမည် ..............................

နောက်ဆက်တွဲပုံစံ(၂)

## တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူရန်/ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူနိုင်ရန် မှတ်ပုံတင်လက်မှတ်လျှောက်လွှာ

(ဥပဒေပုဒ်မ-၁၆)

သို့

အတွင်းရေးမှူး
ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်
စနစ်တကျ ထိန်းကျောင်းရေးကော်မတီ
စစ်တွေမြို့

ရက်စွဲ။ ......................

အကြောင်းအရာ။ **တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူရန်/ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူနိုင်ရန် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း**

တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူရန်/ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူနိုင်ရန် အတွက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားပါသည် -

၁။ လျှောက်ထားသူ
(က) အမည် ..............................
(ခ) အဘအမည် ..............................

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..............................

၃။ တိရစ္ဆာန်အမျိုးအစား ..............................

၄။ တိရစ္ဆာန်ကောင်ရေ. ..............................

၅။ တိရစ္ဆာန်မွေးမြူမည့်နေရာ၊ ..............................
အဆောက်အဦ လိပ်စာ ..............................
မြို့ ..............................
(က) အဆောက်အဦအမျိုးအစား ..............................
(အမိုး၊ အကာ၊ အခင်း၊ ..............................
အကျယ်အဝန်း) ..............................
(ခ) မွေးမြူသည့်အဆောက်အဦ ..............................
အရေအတွက် ..............................

၆။ အမြဲတမ်းနေရပ်လိပ်စာ ..............................

လက်မှတ် ..............................
အမည် ..............................

* မှတ်ချက်။ ။ မလိုအပ်သည်များကို ပယ်ဖျက်ရန်။





နောက်ဆက်တွဲပုံစံ(၃)

## ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးကော်မတီ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလိုင်စင်

(ဥပဒေပုဒ်မ - ၁၄)

ရက်စွဲ။ ......................

၁။ ................. ရက်စွဲပါ၊ လျှောက်လွှာအမှတ်၊......................ဖြင့် လုပ်ငန်းခွင့်ပြုလိုင်စင်ရရှိရန် လျှောက်ထားသော ရခိုင်ပြည်နယ်၊ ............ မြို့နယ်၊ .............. ရပ်ကွက်/ကျေးရွာနေ၊ ဦး/ဒေါ် ...................၊ အဘ ...................၊ နိုင်ငံသားစိစစ်ရေးကတ်ပြား/နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ........................... အား တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေပုဒ်မ ၁၄ အရ ခွင့်ပြုလိုက်သည် -

(က) တိရစ္ဆာန်အမျိုးအစား ..............................
(ခ) တိရစ္ဆာန်ကောင်ရေ ..............................
(ဂ) တိရစ္ဆာန်မွေးမြူမည့် ..............................
နေရာ၊ ..............................
အဆောက်အဦ လိပ်စာ ..............................

၂။ ခွင့်ပြုလိုင်စင်အမှတ်..............................

ရုံးတံဆိပ်

အတွင်းရေးမှူး
ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်
စနစ်တကျထိန်းကျောင်းရေးကော်မတီ၊ စစ်တွေမြို့။

နောက်ဆက်တွဲပုံစံ(၄)

## ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးကော်မတီ
## တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူရန်/ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူနိုင်ရန် မှတ်ပုံတင်လက်မှတ်
## (ဥပဒေပုဒ်မ - ၁၈)

ရက်စွဲ။ ......................

၁။ ................ ရက်စွဲပါ၊ လျှောက်လွှာအမှတ်၊..................ဖြင့် တစ်နိုင်တစ်ပိုင် တိရစ္ဆာန်မွေးမြူရန်/ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူနိုင်ရန် မှတ်ပုံတင်လက်မှတ် လျှောက်ထားသော ရခိုင်ပြည်နယ်၊ ................. မြို့နယ်၊ ........................ ရပ်ကွက်/ ကျေးရွာနေ၊ ဦး/ဒေါ် .....................၊ အဘ .......................၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား/နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ..................... အား တစ်နိုင်တစ်ပိုင်တိရစ္ဆာန် မွေးမြူရန်/ဝါသနာအရအိမ်မွေးတိရစ္ဆာန်မွေးမြူနိုင်ရန် ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူ ရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေပုဒ်မ ၁၈ အရ ခွင့်ပြုလိုက်သည် -

(က) တိရစ္ဆာန်အမျိုးအစား ................................

(ခ) တိရစ္ဆာန်ကောင်ရေ ................................

(ဂ) တိရစ္ဆာန်မွေးမြူမည့် ................................
နေရာ၊ ................................
အဆောက်အဦး လိပ်စာ ................................

၂။ ခွင့်ပြုမှတ်ပုံတင်အမှတ် ................................

ရုံးတံဆိပ်

အတွင်းရေးမှူး
ရခိုင်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်
စနစ်တကျထိန်းကျောင်းရေးကော်မတီ၊ စစ်တွေမြို့။

* မှတ်ချက်။ ။ မလိုအပ်သည်များကို ပယ်ဖျက်ရန်။